# ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော " The President of the Union may " ဆိုသည့် စကားရပ်ကို " The Ministry of Transport may, with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၉ တွင် ပါရှိသော " for a term which may extend to six months, or with fine which may extend to five hundred kyats, or with both " ဆိုသည့် စကားရပ်ကို " for a term not exceeding two years, or with fine not exceeding two hundred thousand kyats, or with both " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၂ တွင် ပါရှိသော " The President of the Union " ဆိုသည့် စကားရပ်ကို " the Ministry of Transport with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်